MIMU

# မြန်မာနိုင်ငံတွင် သောက်ရေ အရင်းအမြစ်များ ပြောင်းလဲလာခြင်း (၂၀၁၄-၂၀၁၉)

## MIMU ဆန်းစစ်လေ့လာမှု အကျဉ်း

ဖေဖော်ဝါရီ ၂၀၂၁

မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU) ၏ ဤဆန်းစစ်လေ့လာမှု အကျဉ်း သည် ရရှိနိုင်သော သတင်းအချက်အလက်အ ပေါ်အခြေခံ၍ မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အပံ့များနှင့် သက်ဆိုင်သည့် ရေပန်းစားထွက် ပေါ်လာသော လေ့လာစူးစမ်းမှုမရှိထားသော ကိစ္စရပ်များ ကိုမီးမောင်းထိုးပြလိုက်ပါသည်။

အကျဉ်းချုပ်တစ်ခုစီတွင် တွဲဖက်ပါဝင်သော အင်ဖိုဂရပ်ဖစ်နှင့်အတူ အကြောင်းအရာ အတိုချုပ်စာတမ်းတစ်ခု ပါဝင်သည်။

မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU) ၏ ဤဆန်းစစ်လေ့လာမှု အကျဉ်းသည် သတင်းအချက်အလက်အနည်းငယ်သာ ရရှိနိုင်သည့် အကြောင်းအရာ တစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် သောက်ရေ ရရှိနိုင်မှုကို အာရုံစိုက် လေ့လာထားပါသည်။ ဤလေ့လာမှုသည်ပထမဆုံးအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် နှင့် ၂၀၁၉ ခုနှစ်ကြား သောက်ရေ ဝန်ဆောင်မှု အဆင့်အမျိုးမျိုးအား တိုင်းတာမှုများကို နှိုင်းယှဉ် သုံးသပ်ထားပါသည်။

## အနှစ်ချုပ်

- လွန်ခဲ့သည့် ငါးနှစ်တာ ကာလအတွင်း မြန်မာနိုင်ငံရှိ အိမ်ထောင်စုအများအပြားသည်ရေပိုက်မှ လာသည့်ရေ (သို့) ဘူးဖြင့် ထည့်ထားသည့် ရေကဲ့သို့သော ကောင်းမွန်သည့်ရေအရင်းအမြစ်များကို ပြောင်းလဲ အသုံးပြုခဲ့ကြပါသည်၊ သို့သော်လည်း ထိုရေများအား သောက်သုံးရန် ဘေးကင်းစိတ်ချရသည်ဟု ဆိုလိုခြင်း မဟုတ်ချေ။

- ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်း ကောက်ယူခြင်းမှ ပထမဆုံးအကြိမ် မစင်အညစ်အကြေးပါဝင်မှုကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ် စစ်ဆေးခြင်းဖြင့် သောက်ရေဘေးကင်းစိတ်ချရမှုဆိုင်ရာ လေ့လာသုံးသပ်မှုတစ်ခု ပြုလုပ်နိုင်ခဲ့ပါသည်။ သို့သော်လည်းမြန်မာနိုင်ငံရှိ အချို့နေရာများတွင် အိမ်ထောင်စုများ၏ သောက်ရေများတွင် ညစ်ညမ်းမှုဖြစ်စေသည့် သိပ်သည်းဆများသော ဓာတ်သတ္တုများ ကဲ့သို့သော  အာဆင်းနစ် ဓာတ်ပါဝင်ခြင်း စသဖြင့် မသိနိုင်သေးသည့် အကြောင်းအရာ အများအပြား ရှိနေပါသေးသည်။

- မြန်မာနိုင်ငံရှိ ပြည်သူများအားလုံးအနေဖြင့် ဘေးကင်းစိတ်ချရသည့် သောက်ရေ ရရှိနိုင်ရေးအတွက် သောက်ရေ  အရင်းအမြစ် အမျိုးမျိုး ကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားခြင်းအား ဦးတည်ရည်ရွယ်၍ ဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းတစ်ခု လိုအပ်ပါသည် - အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်  မြေပေါ်ရေ (မြစ်ရေ/ ချောင်းရေ/ ဆည်ရေ/ ကန်ရေ/ တူးမြောင်းရေ / ရေသွယ်မြောင်းမှရေ) အားအဓိက အားထားနေကြရပြီး ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်မှုများ ခံစားရလေ့ ရှိသဖြင့် ထိခိုက်လွယ် ပြီး ကူညီပံ့ပိုးမှုများလိုအပ်လျက်ရှိပါသည်။

- မြို့ပြနှင့် ကျေးလက်ဒေသများနှင့် မတူညီသည့် လူအုပ်စု အမျိုးမျိုးတို့ အပါအဝင်အိမ်ထောင်စုများမှ အသုံးပြုသည့် မတူညီသည့် သောက်ရေ အရင်းအမြစ်များအပေါ် သက်ရောက်မှုများ၏ မသိမသာကွဲပြားခြားနားမှု နှင့် ကျား၊မ အခြေခံသည့် နားလည်သဘောပေါက်မှုတို့  ပိုမိုရရှိစေရန်အတွက် သတင်း အချက်အလက်များ ထပ်မံလိုအပ်မည် ဖြစ်ပါသည်။

# နိဒါန်း

**ဘေးကင်းစိတ်ချရသည့် သောက်ရေ ရရှိရေးသည် လူသားဘဝအတွက် မရှိမဖြစ် အရေးကြီးသည်သာမက နိုင်ငံတကာမှ အသိအမှတ် ပြုထားသည့် အခြေခံလူ့အခွင့်အရေး တစ်ရပ်လည်းဖြစ်ပါသည်။** ညစ်ညမ်းသည့် ရေကို သောက်သုံးခြင်းသည် လူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါနှင့် ဝမ်းကိုက်ရောဂါကဲ့သို့သော ရောဂါများ ကူးစက်စေသည့် အဓိက အကြောင်းရင်းများအနက်မှ တစ်ခုဖြစ်ပြီး အာဟာရဓာတ်ချို့တဲ့မှု နှင့် ကျန်းမာရေးအတွက် ရေရှည် အကျိုးဆက်များကိုလည်း ဖြစ်စေသည့်အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။ ဘေးကင်းစိတ်ချရခြင်းမရှိသည့် ရေသည်ကမ္ဘာတစ်ဝှမ်း နှစ်စဉ်ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ခန့်မှန်းခြေလူ ၈၄၂,၀၀၀ ဦး သေဆုံးမှုများ၏ လက်သည် ဖြစ်ပါသည်။[1] ဘေးကင်း စိတ်ချရသည့် ရေလုံလောက်စွာ ရရှိနိုင်မှုနှင့် အသုံးပြုနိုင်မှု သည် လူများအား ရေကြောင့်ဖြစ်သည့် ရောဂါများမှ အကာအကွယ် ပေးရန် မရှိမဖြစ် လိုအပ်ပါသည်။

**ဘေးကင်းစိတ်ချရသည့် သောက်ရေ လက်လှမ်းမီ ရရှိမှုသည် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအစိုးရ၏ ဦးစားပေးလုပ်ငန်း တစ်ခုဖြစ်ပါသည်။** ယင်းအချက်အား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDG) (ပန်းတိုင် ၆ ရည်မှန်းချက် ၆.၁) နှင့် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း - မဟာဗျူဟာ ၅.၃) တို့တွင် အသိအမှတ်ပြုထားပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း တို့သည်အိမ်ထောင်စုများ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်ဌာနများ ၏ ဘေးကင်း စိတ်ချရသည့် သောက်ရေ လက်လှမ်းမီ ရရှိမှုနှင့် အတူ "ဘေးကင်းစိတ်ချစွာ စီမံခန့်ခွဲထားသည့် သောက်ရေ ဝန်ဆောင်မှုများ အသုံးပြုနေသည့် ပြည်သူများ၏ အရေအတွက် ပမာဏ"ကို တိုင်းတာနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ဤဆန်းစစ်လေ့လာမှု အကျဉ်း၏ နောက်ပိုင်းစာမျက်နှာများတွင် ဘေးကင်း စိတ်ချစွာ စီမံခန့်ခွဲထားသည့် သောက်ရေအား "ဘေးကင်းစိတ်ချရသည့် သောက်ရေ" ဟု ရည်ညွှန်း သုံးနှုန်းပါမည်။

**၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်း ကောက်ယူခြင်းတွင် ပထမဆုံးအကြိမ်အဖြစ် အိမ်ထောင်စုများ ဘေးကင်းစိတ်ချရသည့် သောက်ရေ လက်လှမ်းမီ ရရှိမှု တိုင်းတာခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါသည်။** ၂၀၁၉ခုနှစ် စစ်တမ်းမတိုင်မီက ဘေးကင်းစိတ်ချရသည့်သောက်ရေ လက်လှမ်းမီရရှိမှုကို အသေးစားလေ့လာမှုများမှတစ်ဆင့်သာ တိုင်းတာခဲ့ပါသည်။ သောက်ရေ ဝန်ဆောင်မှုများအားအိမ်ထောင်စု များ၏ အဓိက သောက်ရေအရင်းအမြစ်လက်လှမ်းမီ အသုံးပြုနိုင်မှု၊ ရရှိနိုင်မှု နှင့် အရည်အသွေးတို့ကို လိုက်၍ အဓိပ္ပါယ်သတ်မှတ်ပါသည်။ ရရှိခဲ့သည့် ရလဒ် အတိုင်းအတာများမှ အိမ်ထောင်စုအဆင့် သောက်ရေဝန်ဆောင်မှုအမျိုးမျိုးကို ပုံဖော်ပြပါသည် - သန့်ရှင်း၍ ဘေးကင်းသောသောက်ရေ၊ အခြေခံသောက်ရေ(သို့) အကန့်အသတ်ရှိသော သောက်ရေ ဝန်ဆောင်မှုများသည်ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်များ အသုံးပြုနိုင်မှု ကို ရည်ညွှန်းပြီးကောင်းမွန်ခြင်းမရှိသောရေအရင်း အမြစ်များ ဝန်ဆောင်မှုများ နှင့် မြေပေါ်ရေ(မြစ်ရေ/ ချောင်းရေ/ ဆည်ရေ/ ကန်ရေ/ တူးမြောင်းရေ / ရေသွယ်မြောင်းမှရေ) အရင်းအမြစ်များသည် ဘေးကင်းစိတ်ချရမှု အနည်းဆုံးနည်းလမ်းများ ဖြစ်ပါသည်။ (ပုံ ၁ တွင် ကြည့်ပါ)။

**MIMU၏ ဤဆန်းစစ်လေ့လာမှုအကျဉ်းသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြား အိမ်ထောင်စုများမှ အသုံးပြုသော သောက်ရေ ဝန်ဆောင်မှုများကို ပထမဆုံးအနေဖြင့် တစ်မူထူးခြားသည့် ရှုထောင့်အမြင်ဖြင့် နှိုင်းယှဉ်ပြထားပါသည်။**[3] ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်းမှ မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်အဖြစ် မြို့နယ်အဆင့်၊ ကျေးရွာအုပ်စု/ ရပ်ကွက် အဆင့်များရှိအိမ်ထောင်စုများ၏ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်များ၊[4] ကောင်းမွန်ခြင်းမရှိသောရေအရင်း အမြစ်များ နှင့် မြေပေါ်ရေ (မြစ်ရေ/ ချောင်းရေ/ ဆည်ရေ/ ကန်ရေ/ တူးမြောင်းရေ / ရေသွယ်မြောင်းမှရေ) အရင်းအမြစ်များမှသောက်ရေ အသုံးပြုမှုကိုတိုင်းတာခဲ့ပါသည်။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့်ကျန်းမာရေး ဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅ - ၂၀၁၆) နှင့် မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း ၂၀၁၇ တို့သည် အလားတူအညွှန်းကိန်းများကိုပြည်နယ်/ တိုင်းဒေသကြီး အဆင့်ထိ ပြန်လည်သုံးသပ်ခဲ့ပြီး အိမ်ထောင်စုများ၏ အကန့်အသတ်ရှိသော သောက်ရေဝန်ဆောင်မှုများနှင့် အခြေခံ သောက်ရေဝန်ဆောင် မှုများအား လက်လှမ်းမီရရှိမှု ကို ထပ်မံပေါင်းထည့်၍ တိုင်းတာထား ပါသည်။ ၂၀၁၉ ခုနှစ်ကြားဖြတ် သန်းခေါင်စာရင်း ကောက်ယူမှုတွင် ဤအညွှန်းကိန်းများကိုပြည်နယ်/ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ထိ တိုင်းတာခဲ့ပြီး အိမ်ထောင်စုများ၏ သောက်ရေလုံခြုံမှုကို တိုင်းတာရန်အတွက် အဖြစ်များသည့် မစင်ပါဝင်မှု (အီးကိုလိုင်းပို) ရှိခြင်းကိုထပ်မံထည့်သွင်း၍စစ်ဆေး တိုင်းတာခဲ့ပါသည်။ ယင်းကြားဖြတ် သန်းခေါင် စာရင်းမှ ဓာတုပစ္စည်း အဆိပ်သင့်မှုကို တိုင်းတာခြင်း မရှိသော်လည်း သောက်ရေ ဘေးကင်းစိတ်ချရမှု ရှုထောင့်မှ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းတာခဲ့ခြင်းမှာ ပထမဆုံး အကြိမ် ဖြစ်ပါသည်။ ယင်းမှာထုတ်ဝေသည့် အချိန်တွင်အိမ်ထောင်စုပေါင်း ၁၉,၀၇၇ စု ကို လွှမ်းခြုံသည့်အီးကိုလိုင်းပိုးပါဝင် ခြင်း ရှိ/မရှိ ကို တိုင်းတာသည့်အကြီးဆုံး အမျိုးသား အဆင့် စစ်တမ်း အဖြစ် လူသိများခဲ့ပါသည်။ စျေးနှုန်းမြင့်မားခြင်းမရှိသည့် အသုံးပြုရန်လွယ်ကူသည့် စစ်ဆေးမှုကို ကျယ်ပြန့်သည့် အတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော ကြောင့် ဤနည်းလမ်းမှ အနာဂတ် အရည်အသွေး စောင့်ကြည့် စစ်ဆေးခြင်း စစ်တမ်းများအတွက် စံပုံစံ ဖြစ်ပါသည်။

| | | |
|---|---|---|
| **ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်**<br>ညစ်ညမ်းမှု အန္တရာယ် နည်းပါး | <br>**သန့်ရှင်း၍ဘေးကင်းသော သောက်ရေ ဝန်ဆောင်မှု** | ကောင်းမွန်သော ရေအရင်းအမြစ်များမှ ရယူသုံးစွဲခြင်းဖြစ်ပြီး အသုံးပြုသူများ နေထိုင်ရာ ရေတွင်း၊ မြေနေရာ (သို့) ခြံဝင်းအတွင်း တည်ရှိပြီး လိုအပ်သည့်အချိန်တွင် ရယူနိုင်ပြီး မစင်ပါဝင်မှု နှင့် အာဆင်းနစ်နှင့် ဖလူအိုရိုဒ် ကဲ့သို့ ဦးစားပေး ဓာတု ပစ္စည်း ညစ်ညမ်းမှုများ ကင်းစင်သော ရေအရင်းအမြစ် ဖြစ်သည်။ မစင်ကြောင့်ဖြစ်သည့်ပိုး စမ်းသပ်မှု တစ်ခုတည်း ကိုသာ ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်း ကောက်ယူမှုတွင် လုပ်ဆောင်ခဲ့ပါသည်။ |
| | <br>**အခြေခံသောက်ရေ ဝန်ဆောင်မှု** | ကောင်းမွန်သော ရေအရင်း အမြစ်များမှ ရယူသုံးစွဲခြင်း ဖြစ်ပြီး ထိုရေအရင်းအမြစ် များသို့ သွားရောက် ရေခပ်ယူရန် အတွက် တန်းစီရသည့် အချိန်အပါအဝင် အသွားအပြန် မိနစ်၃၀ အောက်သာဖြစ်ရပါမည်။ |
| | <br>**အကန့်အသတ်ရှိသော သောက်ရေ ဝန်ဆောင်မှု** | ကောင်းမွန်သော ရေအရင်း အမြစ်များမှ ရယူသုံးစွဲခြင်း ဖြစ်ပြီး ထိုရေအရင်းအမြစ်များသို့ သွားရောက်ရေခပ်ယူရန် အတွက် တန်းစီရသည့်အချိန်အပါအဝင် အသွားအပြန် မိနစ် ၃၀ အထက် သွားရောက်ရမည်ဖြစ်သည်။ |
| **ကောင်းမွန်ခြင်းမရှိသော ရေအရင်း အမြစ်**<br>ညစ်ညမ်းမှု အန္တရာယ် မြင့်မား | <br>**ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ် ဝန်ဆောင်မှု** | ကာကွယ်စောင့်ရှောက်ထားခြင်းမရှိသည့် လက်ယက်တွင်း (သို့) ကာကွယ်စောင့်ရှောက်ထားခြင်းမရှိသည့် စမ်းရေ (သို့) ပြင်ပ ပတ်ဝန်းကျင်မှ ကာကွယ်စောင့် ရှောက်ထားခြင်း မရှိသည့် အခြားအရင်းအမြစ်မှ သောက်ရေ |
| | <br>**မြေပေါ်ရေ** | မြစ်၊ ဆည်၊ ကန်၊ ကန်ငယ်၊ ချောင်း၊ တူးမြောင်း (သို့) ရေပေးဆည်မြောင်း/ ရေမြောင်းများမှ ရယူသည့် သောက်ရေ |

*ပုံ ၁. မတူညီသည့် သောက်ရေ ဝန်ဆောင်မှု အတိုင်းအတာ*[2]

## "ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်များ" နှင့် "ဘေးကင်းသော" သောက်ရေ နှိုင်းယှဉ်မှု

**ကောင်းမွန်ခြင်းရှိသော ရေအရင်းအမြစ်များသည် အိမ်ထောင်စုများအတွက် ညစ်ညမ်းမှု ဖြစ်နိုင်ချေအန္တရာယ် နည်းပါးပါသည်။ သို့သော်လည်း ထိုသို့ဆိုလိုခြင်းဖြင့် ရေသည် သောက်သုံးရန် ဘေးကင်းစိတ်ချရသည့် ရေ ဟု အဓိပ္ပါယ် ကောက်ယူ၍မရပါ။** သောက်ရေအတွက် "ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်များ" ဆိုသည်မှာ ၎င်းတို့၏ ဒီဇိုင်းနှင့် ဆောက်လုပ်မှုအရ ညစ်ညမ်းမှု ဖြစ်နိုင်ချေ အန္တရာယ် နည်းပါးသည့် သောက်ရေ ပေးဝေရန် အလားအလာရှိသည့် အရင်းအမြစ်များ ဟု အဓိပ္ပါယ် ဖွင့်ဆို နိုင်ပါသည်။ ယင်းတွင် ရေသိုလှောင်မှု၊ ဘေးကင်း စိတ်ရခြင်း မရှိသည့်ရေပေးဝေရေးစနစ်များ (သို့) ရေ စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များ အရ အဏုဇီဝပိုးမွှား များ မပါဝင်ဘဲ ဘေးကင်းလုံခြုံမှုရှိသည် ဟု ယူဆ၍ မရနိုင်ပါ။[5] မြန်မာနိုင်ငံတွင် ရေသန့်ဘူးနှင့် ရေပိုက်ခေါင်းမှရေကို အလွန်ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက် ရှိနေသော် လည်း အမှတ်တံဆိပ် ၁၉ မျိုးအား စမ်းသပ်စစ်ဆေးရာ ၃၇% မှ မသန့်ရှင်းသော၊ သောက်သုံးရန် မသင့်သော ရေများဖြစ်ကြောင်း တွေ့ရှိခဲ့သည့် ၂၀၁၉ ခုနှစ် ရေသန့်ဘူး ဆိုင်ရာလေ့လာမှုမှအပ အဆိုပါ အရင်းအမြစ်များ မှ ရရှိသည့် ရေ၏ ဘေးကင်းစိတ်ချရမှု နှင့် စပ်လျဉ်း၍ သိပ္ပံနည်းကျ အချက်အလက်များထုတ်ဝေထားမှု နည်းပါးပါသည်။[6]

**တစ်နည်းဆိုရသော် "ဘေးကင်းသော" သောက်ရေဆိုသည်မှာ အိမ်ထောင်စုနေထိုင်သည့်နေရာ၊ မြေကွက် (သို့) ဝင်းခြံ အတွင်း ရှိသည့် ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်မှ ရရှိသောသောက်သုံးရန် ဘေးကင်းစိတ်ချရမှုကို စစ်ဆေးပြီး** (မစင် အညစ်အကြေးနှင့် ဓာတု ပစ္စည်း အဆိပ်အတောက်များ ကင်းစင်သည့်) **ဖြစ်သည့် သောက်ရေအသုံးပြုမှုကို ရည်ညွှန်းပါသည်။**[7] ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင် စာရင်း ကောက်ယူမှု ရလဒ်များမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံးတွင်ရှိသည့် အိမ်ထောင်စုများအား ကိုယ်စားပြုနမူနာ ယူထား သည့် အိမ်ထောင်စုများ၏ ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုမှုဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးပါသည်။

[1] ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကျန်းမာရေးအတွက် မြေပေါ်ရေ ကာကွယ်စောင့်ရှောက်ခြင်း (Geneva - ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO)၊ ၂၀၁၆) https://www.who.int/water_sanitation_health/publications/pswh/en/

[2] မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ် ကောက်ယူသည့် ကြားဖြတ်သန်းခေါင်စာရင်း ၏ အညွှန်းကိန်းများ သည် WHO/UNICEF ပူးတွဲ စောင့်ကြည့် စစ်ဆေးရေး အစီအစဉ် မှ တစ်ကမ္ဘာလုံးအတွက် အသုံးပြုသည့် အညွှန်းကိန်းများနှင့် တူညီပါသည်။ https://washdata.org/

[3] ဤ ဆန်းစစ်လေ့လာမှု အကျဉ်းတွင် တင်ပြထားသည့် ရလဒ်များ အားလုံးမှာ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြား မတူညီသည့် တွက်ချက်မှု နည်းစနစ်များအသုံးပြု၍ ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုအဆင့် စစ်တမ်း/ သန်းခေါင်စာရင်း ကောက်ယူမှု လေးခု မှ ရရှိခြင်းဖြစ်ပါသည်။ တိုင်းတာတွက်ချက်မှုများ နှိုင်းယှဉ်နိုင်ရန် MIMU မှ ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်း စစ်တမ်း ၏ တွက်ချက်မှု နည်းစနစ်ကို အသုံးပြုပြီး ကိုက်ညီထားပါသည်။ တင်ပြထားသည့် ကိန်းဂဏန်းများအားလုံးမှာ စာရင်း ကောက်ယူ ခဲ့သည့် လူဦးရေပေါ်တွင် အခြေခံပြီး စာရင်း ကောက်ယူ ထားခြင်းမရှိသည့် အုပ်စုများ (သို့) အချို့ နေရာဒေသများ အထူးသဖြင့် ရခိုင်ပြည်နယ် တို့ကို အပြည့်အဝ ထင်ဟပ်နိုင်မည် မဟုတ်ပါ။

[4] WHO/UNICEF ပူးတွဲ စောင့်ကြည့် စစ်ဆေးရေး အစီအစဉ် မှ အသုံးပြုသည့် အဓိပ္ပါယ် ဖွင့်ဆိုချက်အရ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ သောက်ရေ ဆိုသည်မှာ နေထိုင်ရာ နေရာများ/ မြေကွက်များ/ဝင်းခြံများ အတွင်း သို့ ပိုက်ဖြင့် သွယ်တန်းယူသည့် ရေ၊ အများသုံး ရေဘုံပိုင်များ (သို့) မတ်တတ် ရေဘုံပိုင် များ၊ အဝီစိတွင်းများ/စက်ရေတွင်းများ၊ ကာကွယ်စောင့်ရှောက်ထားသည့် လက်ယက်တွင်း၊ ကာကွယ်စောင့်ရှောက်ထားသည့် စိမ့်စမ်းများ၊ မိုးရေ စုဆောင်းခြင်း နှင့် ရေ သန့်စက်/ရေသန့်ဘူး တို့မှ ရရှိသည့် ရေကို ရည်ညွှန်းပါသည်။

[5] Ameer Shaheed, Jennifer Orgill, Maggie A Montgomery, Marc A Jeuland, နှင့် Joe Brown, "မည်သည့်အတွက်ကြောင့် 'ကောင်းမွန်သည့်' အရင်းအမြစ်များမှ ရေ တိုင်း အမြဲတမ်း ဘေးကင်း စိတ်ချရမှု မရှိသနည်း" ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတင်းလွှာ http://dx.doi.org/10.2471/BLT.13.119594

[6] Seinn Sandar May Phyo, San San Yu, Khin Maung Saing, "ရေသန့်ဘူးရေအား MPN နည်းအသုံးပြု၍ ဘက်တီးရီးယား ပါဝင်မှု စမ်းသပ် စစ်ဆေးခြင်း"၊ The Saudi Journal of Biological Sciences ၊ 6 pages ၊ https://dx.doi.org/10.21276/haya.2019.4.7.2

[7] ဦးစားပေးရမည့် ညစ်ညမ်းမှု ဖြစ်စေသည့် ဓာတုပစ္စည်း ပါဝင်မှု မှာ နိုင်ငံအလိုက် ကွဲပြားပြီး မြန်မာနိုင်ငံ၌ လက်ရှိတွင် သတ်မှတ်ထား ခြင်း မရှိပါ၊ သို့သော်လည်း တစ်ကမ္ဘာလုံး အဆင့် ဦးစားပေးမှု များ၌ အာဆင်းနစ် နှင့် ဖလူအိုရိုဒ် တို့ ဖြစ်ပါသည်။

ဤဆန်းစစ်လေ့လာမှု အကျဉ်းမှ အိမ်ထောင်စုများအနေဖြင့် မြေပေါ်ရေ အသုံးပြုခြင်း မှာညစ်ညမ်းမှု အန္တရာယ် အမြင့်မားဆုံးဖြစ်သော ကောင်းမွန်ခြင်း မရှိသော ရေအရင်း အမြစ် မှ ရေအား အသုံးပြုခြင်းဖြစ်ကြောင်းကို မီးမောင်းထိုးပြပါသည်။

**၂၀၁၉ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၈၂% မှာ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ သောက်ရေ ကို အသုံးပြုလျက်ရှိပြီး ၁၂% မှ မြေပေါ်ရေ (မြစ်ရေ/ ချောင်းရေ/ဆည်ရေ/ ကန်ရေ/ တူးမြောင်းရေ /ရေသွယ်မြောင်းမှရေ) အသုံးပြုနေကာ မြို့ပြနှင့် ကျေးလက်ဒေသများအတွက်ကြီးမားသည့် ကွဲပြား ခြားနားမှုများ ရှိနေပါသည်။** မြန်မာနိုင်ငံရှိ ကျေးလက်နေ အိမ်ထောင်စုများမှ မြေပေါ်ရေ သုံးစွဲနိုင်ချေပိုများပြီး (ကျေးလက်ဒေသများတွင်၁၆% နှင့်နှိုင်းယှဉ်လျှင် မြို့ပြ ဒေသများတွင် ၄%) ကောင်းမွန်ခြင်းရှိသော ရေအရင်းအမြစ် များမှ သောက်ရေရရှိနိုင်ချေ နည်းပါးပါသည် (ကျေးလက် ဒေသများတွင် ၇၈% နှင့် မြို့ပြဒေသများတွင် ၉၂%)။ ရေရရှိမှု၊ အခြေခံအဆောက်အဦနှင့် အရည်အသွေးထိန်းချုပ်မှုများသည်ကျေးလက်ဒေသများတွင် ဘေးကင်းစိတ်ချရပြီးငွေကြေးအရ တတ်နိုင်သည့်ရေပေးဝေသည့် ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိနိုင်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်ကြပါသည်။




*ပုံ ၂. ၂၀၁၉ခုနှစ်တွင် ပြည်ထောင်စု၊ မြို့ပြဒေသနှင့် ကျေးလက်ဒေသများရှိ အိမ်ထောင်စုများ၏ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် နှင့် မြေပေါ်ရေ အသုံးပြုမှု (%)*

**ဤအခြင်းအရာသည် အိမ်ထောင်စုများ၏ ၇၃% နီးပါးမှာ ၂၀၁၄ ခုနှစ် မှစ၍ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ သောက်ရေအား အသုံးပြုနေခဲ့သည့်ဟု တိုးတက်မှုကို ပြသသည့်လက္ခဏာ ဖြစ်ပါသည်။** မြို့နယ်အဆင့်တွင်မြန်မာနိုင်ငံရှိ မြို့နယ်များ၏ ထက်ဝက်၌ အိမ်ထောင်စုများ၏ ၈၀% တို့သည်ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ သောက်ရေကို သောက်သုံးနေကြပါသည်။ အဆိုပါ မြို့နယ်များအနက် အများစုမှပုံ ၃ တွင်အစိမ်းရောင်ဖြင့် ဖော်ပြထားသည့် ဧရာဝတီမြစ် အနီးတစ်ဝိုက်တွင် စုစည်းတည်ရှိနေပါသည်၊ အခြား ၉၅ မြို့နယ် (၃၀%) တို့တွင် (အဝါ ရောင် ခြယ်ထားသည့် ၆၀- ၇၉% ရှိအိမ်ထောင်စု) ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် မှ သောက်ရေ အသုံးပြုမှုအဆင့်မှာအတန်အသင့် မြင့်မား ပါသည်။ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ သောက်ရေအသုံးပြုနိုင်မှု အနိမ့်ဆုံး (အနီရောင်ဖြင့် ဖော်ပြထားသည့်) ဒေသများမှာ အဓိကအားဖြင့်ကမ်းရိုးတန်း ဒေသများဖြစ်သည့် ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတို့တွင် အများဆုံး တွေ့နိုင်ပါသည်။ အဆိုပါ မြို့နယ်များသည် ညစ်ညမ်းမှု ဖြစ်နိုင်ချေအလွန်ရှိသည့် မြေပေါ်ရေအပေါ်တွင် ကြီးစွာမှီခို အားထားနေရသည့် အခြေအနေဖြစ်ပါသည်။ ဥပမာ ရန်ကုန်တိုင်းဒေသကြီးရှိ ခရမ်းမြို့နယ်တွင် အိမ်ထောင်စုများ၏ ၉၉% မှာ မြေပေါ်ရေအား ၎င်းတို့၏သောက်ရေ အဓိကအရင်းအမြစ်အဖြစ် အသုံးပြုလျက်ရှိပါသည်။ အပြန်အလှန်အားဖြင့် ချင်းပြည်နယ်ရှိ မြို့နယ်အများစုတွင် ရေပိုက်မှ လာသောရေများမှာ ဘေးကင်း စိတ်ချရမှု မရှိသည့် အရင်းအမြစ်များမှ လာသဖြင့် ဘေးကင်းစိတ်ချရမှု မသေချာ သော်လည်း ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်များမှ သောက်ရေရရှိမှု အဆင့်မှာ မြင့်မားပါသည်။

**ဤအခန်းကဏ္ဍတွင် ကျား-မရေးရာ အချက်အလက် အနည်းငယ်သာ ရှိပါသည်။** ၂၀၁၇ ခုနှစ်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်ခဲ့သည့် စစ်တမ်းတွင်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည် အမျိုးသားဦးဆောင်သည့်အိမ်ထောင်စုများနှင့် နှိုင်းယှဉ်ပါကကောင်းမွန်ခြင်း ရှိသော ရေအရင်း အမြစ်မှရရှိသည့် သောက်ရကို ပိုမိုအသုံးပြုပြီး မြေပေါ်ရေ အသုံးပြုမှု နည်းပါးသည် ဟုဖော်ပြထားပါသည်။[8] ကောင်းမွန်ခြင်းရှိသော ရေအရင်းအမြစ်များအသုံးပြုမှုတွင် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၈၂% နှင့်နှိုင်းယှဉ်လျှင်အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စုမှာ ၇၉% သာ ရှိပြီး မြေပေါ်ရေအသုံးပြုမှုတွင် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုမှာ ၁၄% ရှိကာ အမျိုးသားဦးဆောင်သည့် အိမ်ထောင်စုမှာ ၁၇ % ရှိပါသည်။ သို့သော် လည်း ဤကွာခြားမှု၏ အကြောင်းရင်းခံမှာ ရှင်းရှင်းလင်းလင်း မရှိပါ။ ၂၀၁၉ ခုနှစ်တွင် စစ်တမ်းကောက်ယူခဲ့သောအိမ်ထောင်စုများအနက် နေအိမ် ပရဝုဏ်အတွင်း သောက်ရေမရှိသည့် အိမ်ထောင်စုများကြားတွင်အိမ်ထောင်စု အများစု၌ ရေသယ်ယူရန် တာဝန်ကို အမျိုးသားများရော အမျိုးသမီး များပါတာဝန်ယူကြပါသည်။ ထိုသို့ တာဝန်ခွဲဝေယူခြင်းအား ပြည်ထောင်စုအဆင့်တွင် (၄၄%)၊မြို့ပြအဆင့်တွင် (၃၇%) နှင့် ကျေးလက်အဆင့်တွင် (၄၅%) တွေ့ရှိရပါသည်။ သောက်ရေသယ်ယူရန် အမျိုးသမီးများကသာ တာဝန်ယူရသည့် အိမ်ထောင်စုများသည် အမျိုးသား များကသာ တာဝန်ယူရသည့် အိမ်ထောင်စုများနှင့် နှိုင်းယှဥ်လျှင် (အိမ်ထောင်စုများ၏ ၃၁% နှင့် ၂၄% အသီးသီးရှိပါသည်)။ ဤကွဲပြားခြားနားမှုသည် မြို့ပြနှင့် ကျေးလက် ဒေသများအကြားခြားနားပါသည်၊ ကျေးလက် ဒေသများတွင်သောက်ရေသယ်ယူရန် အမျိုးသမီးများကသာ တာဝန်ယူရသည့် အိမ်ထောင်စုများမှာ (၃၂%) သည် သောက်ရေသယ်ယူရန် အမျိုးသားများကသာ တာဝန်ယူရသည့်အိမ်ထောင်စုများမှာ (၂၃%)နှင့် နှိုင်းယှဥ်လျှင် အမျိုးသမီးများက ပိုမိုတာဝန်ယူရကြောင်းတွေ့ရှိရပါသည်။ သောက်ရေ သယ်ယူရန် အမျိုးသားများကသာ တာဝန်ယူရသည့်အိမ်ထောင်စုများသည် မြို့ပြဒေသများတွင် (၃၄%) ရှိသည် သောက်ရေသယ်ယူရန်အမျိုးသမီး များကသာ တာဝန်ယူရသည့် အိမ်ထောင်စုများမှာ (၂၉%) နှင့် နှိုင်းယှဥ်လျှင်ကျေးလက်ဒေသများနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်းတွေ့ရှိရပါသည်။[9] ထိုသို့ရာခိုင်နှုန်းကွဲပြားခြားနားခြင်း၏ အကြောင်းရင်းမှာ ရှင်းရှင်းလင်းလင်း မရှိဘဲ ကျား-မရေးရာနှင့် စပ်လျဉ်း၍ ထပ်မံ လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။




*ပုံ ၃. ၂၀၁၄ ခုနှစ်တွင် ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ သောက်ရေ အသုံးပြုသည့် မြို့နယ်အလိုက် အိမ်ထောင်စုများ၏ (%)*

## ကာကွယ်စောင့်ရှောက်ထားခြင်းမရှိသည့် ရေပေးဝေမှုများ နေရာတွင် ပိုက်ဖြင့်သွယ်ယူသည့်ရေနှင့် ဘူးဖြင့်ထည့်သည့် ရေတို့ အစား ထိုးဝင်ရောက်လာခြင်း

**မြန်မာနိုင်ငံရှိ အိမ်ထောင်စုများတွင် အထူးသဖြင့် ကျေးလက် ဒေသများ၌ ဘေးကင်းစိတ်ချရသည့် ရေ ရရှိရန် နည်းလမ်းအဖြစ် ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်များအားတစ်စထက်တစ်စ တိုးတက် အသုံးပြုလာကြပါသည်။** ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြားအိမ်ထောင်စု များ၏ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ သောက်ရေ အသုံးပြုမှု မှာ ၉% တိုးမြှင့်လာ ပါသည်။ ဤတိုးတက်မှုမှာ ကောင်းမွန်ခြင်း ရှိသော ရေအရင်းအမြစ်များမှ သောက်ရေ အသုံးပြုမှု မှာ ပုံမှန်ဖြစ်သည့် (၂၀၁၄ ခုနှစ်တွင် ၇၅% နှင့် ၂၀၁၉ ခုနှစ်တွင် ၇၃%) ချင်းပြည်နယ်မှလွဲ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများ




*ပုံ ၄. ၂၀၁၄ - ၂၀၁၉ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးအလိုက် မြို့ပြ/ကျေးလက် ဒေသများရှိ အိမ်ထောင်စုများ၏ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် မှသောက်ရေ အသုံးပြုမှု (%)*

[8] *ကမ္ဘာ့ဘဏ် (World Bank), မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း ၂၀၁၇- ဆင်းရဲနွမ်းပါးမှုအစီရင်ခံစာ (Washington, DC: World Bank, ဇွန်လ, 2019), https://documents.worldbank.org/curated/en/921021561058201854/pdf/Myanmar-Living-Condition-Survey-2017-Report-3-Poverty-Report.pdf*

[9] *၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း (မြန်မာနိုင်ငံ ပြည်သူ့အင်အား ဦးစီးဌာန)။ ၂၀၂၀ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ရယူဖတ်ရှုခဲ့သည်။ https://www.dop.gov.mm/en/publication-category/2019-inter-censal-survey*




*ပုံ ၅. ၂၀၁၄ - ၂၀၁၉ခုနှစ်တွင် မြို့ပြ/ကျေးလက် ဒေသများရှိ အိမ်ထောင်စုများ၏ အရင်းအမြစ်အလိုက် သောက်ရေ အသုံးပြုမှု (%)*

အားလုံးတွင် တိုးတက်မှု ရရှိခဲ့ ပါ သည်။ ၂၀၁၉ ခုနှစ်တွင် ချင်းပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် တို့မှလွဲ၍ အခြား ပြည် နယ်/တိုင်းဒေသကြီးများ အားလုံးရှိ လူဦးရေ ၈၀% ကျော်တို့ သည် ကောင်းမွန်ခြင်း ရှိသော ရေအရင်းအမြစ်များ မှ ရေများ သောက်သုံး လျက် ရှိပါ သည်။ နှိုင်းယှဉ်ကြည့်ပါက ၂၀၁၄ ခုနှစ်တွင် ပြည်နယ်များ/တိုင်းဒေသကြီး ၄ခု တွင် ၈၀% ကျော်သာ ကောင်းမွန်သည့်ရေအရင်း အမြစ်များမှ ရေအား သောက်သုံးကြ ပါသည်။ တိုးတက် မှု အဆင့် မှာ မြို့ပြနှင့်ကျေးလက်ဒေသများကြား ကွဲပြားပြီး ၂၀၁၄-၂၀၁၉ ကာလ အတွင်း ကျေးလက်ဒေသများတွင် ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ ရေကို အသုံးပြုမှု သိသိသာသာတိုးတက်ကောင်းမွန်လာခဲ့ပြီး ၂၀၁၄ ခုနှစ် တွင် ပြည်နယ်/ တိုင်းဒေသကြီးအများစုရှိ မြို့ပြရိယာ များတွင် ကောင်းမွန်ခြင်းရှိသော ရေ အရင်း အမြစ် များမှ ရေအသုံးပြုမှုမှာ အတန်အသင့် မြင့်မားခဲ့ပြီး ဖြစ်ပါသည်။ ချွင်းချက်မှာ မြေမျက်နှာသွင်ပြင်၊ ဆင်းရဲနွမ်းပါးမှု အဆင့်ဆိုးရွားခြင်းနှင့် ရာသီဥတု ပြောင်းလဲခြင်းကြောင့် ဖြစ်သည့်အထိတ်တလန့်ဖြစ်မှုများကြောင့် အရည်အသွေး ပိုမိုကောင်းမွန်သည့် သောက်ရေ ရရှိရန်အတွက် အဟန့်အတားများ ရှိနေသည့် ရခိုင်ပြည်နယ် ဖြစ်ပါသည်။

**၂၀၁၄ -၂၀၁၉ ခုနှစ်ကြား ကောင်းမွန်ခြင်းရှိသော ရေအရင်းအမြစ်များအသုံးပြုခြင်း ကျယ်ကျယ်ပြန့်ပြန့်တိုးတက်လာခြင်းသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် ရေပိုက်မှ လာသည့်ရေ နှင့် မြို့ပြဒေသများတွင် ရေသန့်ဘူးများကို ပိုမို သောက်သုံးကြခြင်းကြောင့် ဖြစ်ပါသည်။** ဤကာလအတွင်းတွင် ရေသန့်ဘူး အသုံးပြုမှု ပိုများလာသည့် (၂၆% တိုးတက်လာခြင်း) အကျိုးဆက်ကြောင့် မြို့ပြဒေသများတွင် ရေပိုက်မှလာသည့် ရေ အသုံးပြုမှု (၃% လျော့ကျခြင်း) အနည်းငယ် လျော့ကျခဲ့သည်ကို တွေ့ရှိပါသည်။ ကျေးလက်ဒေသများတွင် ရေပိုက်မှ လာသည့် ရေ အသုံးပြုမှုသည် အခြေခံအဆောက်အဦ တိုးတက်လာမှုများကကိုယ်စားပြုခြင်း ဖြစ်နိုင်ပါသည်- သို့သော်လည်း ရေပိုက်မှ လာသည့် ရေမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ်စားပြုသည့် ရိုးရှင်းသော နည်းလမ်းတစ်ခု မဟုတ်ပါ။

**ရေပိုက်မှလာသည့် ရေနှင့် ရေသန့်ဘူးများ အသုံးပြုမှု မြင့်မားလာခြင်းကြောင့် အိမ်ထောင်စုများအနေဖြင့် အဓိက အားဖြင့် မြေပေါ်ရေ အပေါ် မှီခိုအားထားမှုကို လျော့ကျခြင်း မှတစ်ဆင့်ကာကွယ်စောင့်ရှောက်ထားမှုမရှိသဖြင့် ညစ်ညမ်းနေသည့် ရေကိုအသုံးပြုနိုင်ချေရှိသည့် အန္တရာယ်ကို လျော့ကျစေခဲ့ပါသည်။** သောက်ရန်အတွက် မြေပေါ်ရေ အသုံးပြုခြင်းမှာလူ၊ တိရစ္ဆာန် (သို့) ကျွဲနွားများထံမှ အဏုဇီဝပိုးများနှင့် စက်မှု၊ စိုက်ပျိုးရေးနှင့် အခြားအရင်းအမြစ်များမှ ဓာတုပစ္စည်းများ ကြောင့် အလွယ်တကူ ညစ်ညမ်းစေခြင်းကြောင့်ကျန်းမာရေး ထိခိုက်စေမည့် အန္တရာယ် မြင့်မားပါသည်။ မြေပေါ်ရေ အသုံးပြုခြင်းသည်မစင်အညစ်အကြေးများနှင့် ဓာတုပစ္စည်း အဆိပ်အတောက် များ ကင်းစင်သည့် သောက်ရေအသုံးပြုခြင်းထက်စာလျှင် ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက် ရောဂါ၊အူယောင်ငန်းဖျား နှင့် ပိုလီယို အကြောသေရောဂါတို့ ဖြစ်နိုင်သည့် အန္တရာယ် ပိုများပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပေါ်ရေအား သောက်ရေ အရင်းအမြစ်အဖြစ်အသုံးပြုခြင်းမှာ ၂၀၁၄ နှင့် ၂၀၁၉ ကြား ၇% လျော့ကျခဲ့ပြီး ၂၀၁၄ ခုနှစ် တွင် ရေတွင်းနှင့် စမ်းရေများ ကဲ့သို့ မြေအောက်ရေ များ ကြိမ်ဖန် များစွာ အသုံးပြုထားပြီး ဖြစ်သည့်ကချင်ပြည်နယ်မှ လွဲ၍ အခြား ပြည်နယ်များ /တိုင်းဒေသကြီးများ တွင် လျော့ကျခဲ့ပါသည်။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး နှစ်ခုတွင် ၂၀၁၉ခုနှစ် အတွင်း မြေပေါ်ရေအရင်းအမြစ် အသုံးပြုမှုမှာ ခန့်မှန်းချေ လူ ပေါင်း ၃.၄ သန်း ရှိပြီး ထိုဒေသနှစ်ခုထဲတွင် မြေပေါ်ရေ အသုံးပြုမှုနှုန်း အမြင့်ဆုံး (အိမ်ထောင်စုများ၏ ၅၀% နှင့် ၂၉% အသီးသီးရှိပါသည်) ဖြစ်ပါသည်။[10] ၂၀၁၄-၂၀၁၉ ကြား ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်ထောင်စုများ၏မြေပေါ်ရေ အသုံးပြုမှု သိသိသာသာ လျော့နည်းသွားခဲ့ပြီး (၁၈% နှင့် ၁၅% အသီးသီးလျော့နည်းသွားပါသည်)၊ ထို ကာလအတွင်း အခြား ပြည်နယ်များ/ တိုင်းဒေသကြီးများတွင် မြေပေါ်ရေ အသုံးပြုမှုမှာ ၁၀% အောက် လျော့နည်း သွားခဲ့ပါသည်။

**မြေပေါ်ရေကဲ့သို့ ကာကွယ်စောင့်ရှောက် ထားခြင်း မရှိသည့် ရေပေးဝေခြင်းအား အသုံးပြုမှုမှ ကျန်းမာရေးဆိုင်ရာ အန္တရာယ် အများအပြား ကျရောက်နိုင်သော်လည်း ပိုက်ဖြင့် ပေးဝေသည့် ရေနှင့် ရေသန့်ဘူးများမှ ရေ များ အသုံးပြုမှုပိုများပြားလာခြင်းက တိုးတက်မှု တစ်ခုဖြစ်လာ ခြင်းမရှိပါ။** မြေပေါ်ရေ ပေါ်တွင် မှီခိုနေခြင်းက လတ်တလောဇီဝပိုးမွှား၊ ဗိုင်းရပ်စ်၊ သန်ကောင်များနှင့် ပရိုတိုဇာ ရောဂါပိုး များမှ ဖြစ်သည့် ရောဂါများဖြစ်ပွားနိုင်သည့် အန္တရာယ်မြင့်မားစေပါသည်။ သို့သော်လည်း ရေပိုက်ဖြင့် သွယ်ယူသည့်ရေ နှင့် ရေသန့်ဘူးမှ ရေတို့လည်း အဆိုပါ သန့်ရှင်းမှုမရှိသည့် ရေအရင်းအမြစ်များမှ ရယူနိုင်ချေရှိပြီး အားရဖွယ်မရှိသည့်ပြုပြင် သန့်စင်မှု ပြုလုပ်နိုင်ချေရှိပါသည်။ ယင်းမှ ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်းကောက်ယူမှုတွင်စစ်ဆေးခြင်းကဲ့သို့ အရည်အသွေးစစ်ဆေးခြင်း၏ အရေးပါမှုကို ဖော်ပြနေသော်လည်း ဓာတုပစ္စည်းများသာမက မစင်ပါဝင်မှုကိုလည်း စစ်ဆေးသင့်ပါသည်။




*ပုံ ၆. ၂၀၁၄ - ၂၀၁၉ခုနှစ်တွင် ပြည်ထောင်စု ၊ မြို့ပြ နှင့် ကျေးလက်ဒေသများရှိ အိမ်ထောင်စုများ၏ သောက်ရေ အရင်းအမြစ်များ ပြောင်းလဲလာမှု (%)*

[10] *၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းမှခန့်မှန်းချက် (မြန်မာနိုင်ငံ ပြည်သူ့အင်အား ဦးစီးဌာန)။ ၂၀၂၀ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ရယူဖတ်ရှုခဲ့သည်။ https://www.dop.gov.mm/en/publication-category/2019-inter-censal-survey.*

[11] *အခြား" အမျိုးအစားများတွင် ကာကွယ်စောင့်ရှောက်ထားသည့် ရေတွင်း/စိမ့်စမ်း၊ မိုးရေ၊ အဝီစိတွင်း/စက်ရေတွင်း၊ ရေကား/ရေစည်လှည်း နှင့် ကာကွယ်စောင့်ရှောက်ထားခြင်းမရှိသည့် ရေတွင်း/စိမ့်စမ်း တို့ပါဝင်ပါသည်။*

# ၂၀၁၉ ခုနှစ်တွင်  မြန်မာနိုင်ငံ၌ ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုမှုမှာ ကမ္ဘာ့အဆင့်ထက် နိမ့်ကျနေခြင်း

**၂၀၁၉ခုနှစ် တွင် ပထမဆုံးအကြိမ် နိုင်ငံတစ်ဝှမ်းတွင် တိုင်းတာခဲ့သည့် သောက်ရေဘေးကင်းစိတ်ချရမှုမှာ ကမ္ဘာ့အဆင့်တွင် နိမ့်ကျနေကြောင်း တွေ့ရှိရပါသည်။** ၂၀၁၇ တွင် ကမ္ဘာ့လူဦးရေ၏ ဘေးကင်းစိတ်ချရသည့် သောက်ရေ ရရှိအသုံးပြုမှု ၇၁% နှင့် နှိုင်းယှဉ်လျှင်  ၂၀၁၉ ခုနှစ် တွင် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ ၄၁% သာ ဘေးကင်းစိတ်ချရသည့် သောက်ရေအား  အသုံးပြုခဲ့ပါသည်။[12]  ရန်ကုန်နှင့် မန္တလေးတို့တွင် ဘေးကင်းစိတ်ချရသည့် သောက်ရေအသုံးပြုမှုမှာ အိမ်ထောင်စုများအနက် ရာခိုင်နှုန်းအမြင့်ဆုံး ပြည်နယ်/ တိုင်းဒေသကြီးများ (အိမ်ထောင်စု များ၏ ၅၆% နှင့် ၅၀% အသီးသီးရရှိပါသည်) ဖြစ်ပြီး ဘေးကင်းစိတ်ချရသည့်သောက်ရေ ရရှိမှု အနိမ့်ဆုံး ရာခိုင်နှုန်းများမှာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီး (အိမ်ထောင်စုများ၏ ၁၆%၊ ၂၂% နှင့် ၂၇%) အသီးသီး ရှိပါသည်။

**၂၀၁၉ ခုနှစ်တွင် ကျေးလက် အိမ်ထောင်စုများ ၏ ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုနိုင်မှု မှာ မြို့ပြဒေသများ ထက် နောက်ကျန်ရစ်နေခဲ့ပါသည် (မြို့ပြ ၆၄% နှင့် နှိုင်းယှဉ်လျှင် ကျေးလက်တွင် ၃၃ %)။**  တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများအနက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးလက်ဒေသများတွင် ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုမှု အနိမ့်ဆုံး ဖြစ်ပြီး မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများမှ အိမ်ထောင်စုများမှာ ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုနိုင်မှုတွင် အမြင့်မားဆုံး  (အိမ်ထောင်စု များ၏ ၄၁%) ဖြစ်ပါသည်။ အပြန်အလှန် အားဖြင့်  ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ကျေးလက် အိမ်ထောင်စုများတွင် (အိမ်ထောင်စုများ၏ ၃၆%)ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုမှုမှာ အမြင့်ဆုံး၌ ပါဝင်ခြင်း မရှိပါ။ မြို့ပြ ဒေသများအား နှိုင်းယှဉ်ကြည့်သည့်အခါ ချင်းပြည်နယ်ရှိ အိမ်ထောင်စုများ သည် ဘေးကင်းစိတ်ချရသည့်သောက်ရေအသုံးပြုမှု အနိမ့်ဆုံး (အိမ်ထောင်စု များ၏ ၂၂%) ဖြစ်ပြီးကချင်ပြည်နယ် (၃၈%)၊ရခိုင်ပြည်နယ် (၃၉%) နှင့် ဧရာဝတီတိုင်းဒေသကြီး (၅၁%) တို့တွင် လည်း အဆင့်နိမ့်သည်ကို တွေ့ရှိရပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ မြို့ပြ အိမ်ထောင်စုများ သည် ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုမှုတွင် အမြင့်ဆုံး ဖြစ်ပြီး(အိမ်ထောင်စုများ၏ ၇၅-၈၀%) ဖြစ်ပြီး မန္တလေး နှင့် ရန်ကုန် (၆၉% နှင့် ၆၆% ) တို့ထက် ရှေ့ရောက်နေပါသည်။




*ပုံ ၇.  ၂၀၁၉ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ပြည်ထောင်စု ၊ မြို့ပြ နှင့် ကျေးလက်ဒေသများရှိ အိမ်ထောင်စုများ၏ သန့်ရှင်း၍ဘေးကင်းသော သောက်ရေ အသုံးပြုမှု (%)*

**ခရိုင်အဆင့်တွင် မန္တလေးနှင့် ရန်ကုန်(အနောက်ပိုင်း)ခရိုင်နှစ်ခု သာ ကမ္ဘာ့အဆင့် နှင့် နီးစပ်သည့် ဘေးကင်းစိတ်ချရသည့် သောက်ရေအသုံးပြုနိုင်မှု  နှင့် နီးစပ်သည့်အဆင့် (၇၃% နှင့် ၇၉%)  ရှိပါသည် ။**   ၂၀၁၉ ခုနှစ်တွင် နိုင်ငံတစ်ဝှမ်း ရှိ ခရိုင်အများစုတွင် အိမ်ထောင်စုများ၏၂၀ % မှ  ၆၀% ကြားသည် ဘေးကင်းစိတ်ချရသည့် သောက်ရေကို သောက်သုံးမှုရှိခဲ့ပါသည်။ (ပုံ ၈ တွင် အဝါရောင်နှင့် လိမ္မော်ရောင် ဖြင့် ပြသထားပါသည်)။ ထူးကဲသည့်အခြေအနေတစ်ရပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တည်ရှိသည့် ခရိုင်များ၏  ၁၁% (စာရင်းကောက်ယူခဲ့သည့် ၇၁ ခရိုင် မှ  ၈ ခရိုင်) ၌၂၀၁၉ ခုနှစ်တွင် အိမ်ထောင်စု များ၏  ၆၀% မှ ၇၉% (အစိမ်းရောင်ဖြင့် ဖော်ပြထားသည်) သည် ဘေးကင်းစိတ်ချရသည့် သောက်ရေကို သောက်သုံးမှု ရှိခဲ့ပါသည်။

အခြား ထူးခြားမှုတစ်ခုမှာ ၂၀၁၉ ခုနှစ်၌ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည် နယ်တို့ရှိ ခရိုင်များ၏ ၁၀% တွင် အိမ်ထောင်စုများ၏ ၂၀%  အောက်မှာ (အနီရောင်နှင့် ဖော်ပြထားပါသည်) ဘေးကင်းစိတ်ချ ရသည့် သောက်ရေ ကို သောက်သုံးမှု ရှိခဲ့ပါသည်။




*ပုံ ၈.  ၂၀၁၉ ခုနှစ်တွင် ခရိုင်အလိုက် အိမ်ထောင်စုများ၏ သန့်ရှင်း၍ ဘေးကင်းသော သောက်ရေ အသုံးပြုမှု (%)*

## ချင်းပြည်နယ်ရှိ ပိုက်ဖြင့်သွယ်ယူသည့်ရေမှာ မသန့်ရှင်းသည့်ရေ ဖြစ်ခြင်းမှ တားဆီးကာကွယ်နိုင်မှု မရှိခြင်း

**၂၀၁၉ ခုနှစ်တွင် ချင်းပြည်နယ်သည် ရခိုင်ပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့နှင့်အတူဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုသည့် အိမ်ထောင်စုများအနက် ရာခိုင်နှုန်းအနိမ့်ဆုံး (အိမ်ထောင်စုများ၏ ၂၂%)  ရှိသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။** ဤဖြစ်ရပ်မှာမြို့ပြဒေသများတွင်ရော ကျေးလက်ဒေသများတွင်ပါ ဖြစ်ပါသည် (၂၀၁၉ ခုနှစ်တွင် မြို့ပြ၊ ကျေးလက် နှစ်ခုလုံးရှိ အိမ်ထောင်စုများ၏ ၂၂%)။ ဘေးကင်းစိတ်ချရသည့် သောက်ရေ သုံးစွဲမှုမှာ အထူးသဖြင့် ဖလမ်း နှင့် ဟားခါး ခရိုင်နှစ်ခုတွင် နည်းပါးပါသည် (အိမ်ထောင်စုများ၏ ၃% နှင့် ၁၄% အသီးသီး)။ အထက်တွင် ဖော်ပြထားသကဲ့သို့  ပိုက်ဖြင့်သွယ်ယူသည့်ရေ အသုံးပြုမှုတိုးတက်လာခြင်းသည် ဖွံ့ဖြိုးတိုးတက်လာသည် ကို ကိုယ်စားပြုသည်ဟု သက်ရောက်ခြင်း မရှိပါ။ ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်း (၅၈%)ဖြင့် အဆိုးရွားဆုံးဖြစ်ပြီး[13] ပြည်ထောင်စုတစ်ခုလုံးတွင်ပိုက်ဖြင့် သွယ်တန်း၍ ရေရယူခြင်းစနစ်ကို အသုံးပြုမှု အများဆုံးဖြစ်ကာ ဤငါးနှစ်တာကာလအတွင်း အတော်အသင့် တည်ငြိမ်လျက် ရှိပါသည် (၂၀၁၄ ခုနှစ်တွင် အိမ်ထောင်စုများ၏ ၆၈% နှင့် ၂၀၁၉ ခုနှစ်တွင်  ၆၅%)။   ချင်းပြည်နယ်တွင် မသန့်ရှင်းသည့် ရေအသုံးပြုသည့် အိမ်ထောင်စု အရေအတွက် မြင့်မားနေခြင်းမှာ ရေပိုက်မှ လာသည့်ရေမှာဘေးကင်းစိတ်ချရခြင်းမရှိသည့် ရေအရင်း အမြစ်မှ လာခြင်း သို့မဟုတ် သယ်ယူလာစဉ် သို့မဟုတ် သိုလှောင်ထားစဉ် ညစ်ညမ်းသွားသောကြောင့် ဖြစ်ပါသည်။ ဤတွေ့ရှိချက်မှ ရေပိုက်မှလာသောရေမှာ ကောင်းမွန်သည့် ရေဖြစ်ခြင်း အပါအဝင် အိမ်ထောင်စုများအတွက်သောက်ရေ ဘေးကင်းစိတ်ချရမှုရှိစေရန် စစ်ဆေးခြင်း၏ အရေးပါမှု ကိုပါ အလေးအနက်ထားဖော်ပြ နေပါသည်။ ချင်းပြည်နယ်တွင် သောက်ရေ အရည်အသွေးနှင့် စပ်လျဉ်း၍ လုပ်ငန်းတူများ အချင်းချင်း သုံးသပ် ဆောင်ရွက်ရန် ပိုမိုလိုအပ်ပြီး အသုံးဝင်ကြောင်း သက်သေပြနိုင်မည်ဖြစ်သည်။

## ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မသန့်ရှင်းသည့် သောက်ရေ အသုံးပြုမှု အမြင့်ဆုံးဖြစ်ခြင်း

**ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ ယင်းတို့၏ မြေမျက်နှာသွင်ပြင်၊အခြေခံအဆောက်အဦ အားမကောင်းခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် အထိတ်တလန့်ဖြစ်မှုများ ကြုံတွေ့ရမှုတို့ကြောင့် အထူးသဖြင့် ပိုမို၍ ဘေးကင်းစိတ်ချရသည့် သောက်ရေ လက်လှမ်းမီရရှိမှုမှာ  ပြဿနာတစ်ရပ် ဖြစ်ပါသည်။** ရခိုင်ပြည်နယ်

*[12] ၂၀၀၀-၂၀၁၇ အိမ်ထောင်စု သောက်ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ဆိုင်ရာ တိုးတက်လာမှု၊ မညီမျှမှုများ အား အထူး အာရုံစိုက်ခြင်း။ (New York - ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ (UNICEF) နှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO), ၂၀၁၉)၊ https://www.who.int/water_sanitation_health/publications/jmp-report-2019/en/*
*[13] ကမ္ဘာ့ဘဏ် (World Bank), မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း ၂၀၁၇- ဆင်းရဲနွမ်းပါးမှုအစီရင်ခံစာ (Washington, DC: World Bank, ဇွန်လ, 2019), https://documents.worldbank.org/curated/en/921021561058201854/pdf/Myanmar-Living-Condition-Survey-2017-Report-3-Poverty-Report.pdf*
*[14] ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း (မြန်မာနိုင်ငံ ပြည်သူ့အင်အား ဦးစီးဌာန)။ ၂၀၂၀ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ရယူဖတ်ရှုခဲ့သည်။ https://www.dop.gov.mm/en/publication-category/2019-inter-censal-survey.*

နှင့် ရောဝတီတိုင်းဒေသကြီး နှစ်ခုပေါင်းလျှင် နိုင်ငံလူဦးရေ၏ ၁၈% (သို့) ခန့်မှန်းခြေ လူဦးရေ ၉.၃ သန်းကို ကိုယ်စားပြုပါသည်။[14] ဒေသနှစ်ခုလုံးမှာ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ချေ မြင့်မားသည့် ကမ်းရိုးတန်းနှင့် အနိမ့်ပိုင်းဒေသများဖြစ်ပြီး၊ ရောဝတီ တိုင်းဒေသကြီးမှာ မြေပြန့်ဖြစ်၍ မြစ်များရှိသည့် မြေမျက်နှာသွင်ပြင်ကြောင့်ထိခိုက် လွယ်မှုကို ပိုမိုဆိုးရွားစေပါသည်။ ရခိုင် ပြည်နယ်နှင့် ရောဝတီ တိုင်းဒေသကြီးနှစ်ခု လုံး တွင် ဆက်သွယ် သွားလာနိုင်မှုကို လျော့နည်းစေသည့် အားနည်းသည့်အခြေခံ အဆောက်အဦ ရှိပြီးသယ်ယူ ပို့ဆောင်စရိတ်များ မြင့်တက်စေသဖြင့်ရေသန့်ဘူး နှင့်ပိုက် ဖြင့်သွယ်တန်းသည့်ရေတို့ ရရှိနိုင်မှုနှင့်လက်လှမ်းမီမှုတို့အပေါ်သက်ရောက်မှု ရှိမည် ဖြစ်ပါသည်။ ယင်းဒေသနှစ်ခုမှ မြန်မာနိုင်ငံရှိအဆင်းရဲဆုံးပြည်နယ်/ တိုင်းဒေသကြီးများတွင် ပါဝင်ပြီး ဆင်းရဲနွမ်းပါးမှုမှာ ရောဝတီတိုင်းဒေသကြီး တွင် ၃၂% ရှိပြီးရခိုင်ပြည်နယ်တွင် ၄၂%[15] ရှိသဖြင့် ရာသီဥတု ပြောင်းလဲမှု နှင့်ဆက်နွယ်နေ သည့်အထိတ်တလန့်ဖြစ်မှု များအား ကြံ့ကြံ့ ခံနိုင်စွမ်းကို လျော့ကျစေပါသည်။ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေဆဲဖြစ် သည့် ပဋိပက္ခများက ဤစိန်ခေါ်မှုများကိုအခြေအနေပိုမိုဆိုးရွားစေပါသည်။

**ရခိုင်ပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးရှိ အိမ်ထောင် စု များ သည် မြေပေါ်ရေ အပေါ်တွင် မှီခိုအား ထားမှု အမြင့်ဆုံးနှင့် ကောင်းမွန်ခြင်းရှိသော ရေအရင်းအမြစ် အသုံးပြုနိုင်မှု အနိမ့်ဆုံးအဖြစ် ဆက်လက်တည်ရှိနေပါသည်။** ၂၀၁၉ ခုနှစ်တွင်ရခိုင် ပြည်နယ်ရှိ အိမ်ထောင်စု များ၏ မြေပေါ်ရေ အသုံးပြုမှုမှာ ၅၀% ဖြစ်၍ ၂၉% ရှိသည့် ရောဝတီတိုင်း ဒေသကြီးနှင့် နှိုင်းယှဉ် လျှင် ပြည်ထောင်စုတစ်ခုလုံးတွင် အမြင့်ဆုံး ဖြစ်ပါသည်။ ဤဒေသများ၏ မြေနိမ့်ပိုင်း မြေမျက်နှာသွင်ပြင်သည် (အဝီစိတွင်း၊ စက်ရေ တွင်းများ၊ စမ်းရေများ စသဖြင့်) ၊ ပင်လယ်ရေငန် ဝင်ရောက်ခြင်းအန္တရာယ်ကြောင့် မြေအောက်ရေ အရင်းအမြစ်များ အသုံးပြုမှုကို အကန့်အသတ် ဖြစ်စေသဖြင့်ရေကန် ငယ်များသည် သောက်ရေအတွက် အဓိက အရင်းအမြစ် အဖြစ် ဆက်လက်တည်ရှိနေ ပါသည်။ ၂၀၁၄-၂၀၁၉ ခုနှစ်ကြား ရောဝတီတိုင်း ဒေသကြီး၌ သောက်ရေအတွက် မြေပေါ်ရေအရင်းအမြစ်များ အပေါ် မှီခို အားထားခြင်းမှာ ၁၅% လျော့ကျသွားခဲ့ပြီး ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ အသုံးပြုခြင်းမှာ ၁၅% တိုးတက်လာ ပါသည်။ ယင်းနှင့် စာလျှင် ရခိုင်ပြည်နယ်၌ အိမ်ထောင်စုများ၏ မြေပေါ်ရေ အသုံးပြုမှု




**ပုံ ၉.** ၂၀၁၄ ခုနှစ် မြို့နယ်အလိုက် ရေအိုင်များ၊ ရေကန် ငယ်များ၊ ရေ ကန်များမှ သောက်ရေ အသုံးပြုလျက် ရှိသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း




**ပုံ ၁၀.** ၂၀၁၄ ခုနှစ် မြို့နယ်အလိုက် ရေအိုင်များ၊ ရေကန်ငယ် များ၊ ရေကန်များမှ သောက်ရေ အသုံးပြုလျက်ရှိပြီး လေဟာပြင် တွင် မစင်စွန့်သည့် အိမ်ထောင်စုများ၏ အရေအတွက်

မှာ ၄% မျှသာ လျော့ကျခဲ့ပြီး ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် မှ အသုံးပြု မှုမှာ ၅% တိုးတက်လာ ခဲ့ပါသည်။ ယေဘူယျအားဖြင့် ကွဲပြား ခြားနားမှုမှာ လုံးဝ ထင်ရှား ပြီး - ၂၀၁၉ ခုနှစ်တွင် အိမ်ထောင်စု များမှ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် များမှ သောက်ရေ ရရှိမှု ၄၅% ရရှိသည့် ရခိုင် ပြည်နယ်နှင့် နှိုင်းယှဉ်လျှင် ရောဝတီ တိုင်းဒေသ ကြီးမှာ ၆၆% ရရှိပြီး ပြည်ထောင်စုအဆင့်တွင် ၈၂% ရှိပါသည်။

**၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်နှင့် ရောဝတီတိုင်း ဒေသကြီး တို့သည် ရေကန်ငယ် များမှသောက်ရေ သောက်သုံးပြီး လေဟာပြင် တွင် မစင်စွန့် သည့် အရေအတွက်မှာ အမြင့်ဆုံး အဆင့်တွင် ရှိပါသည်။** အဆိုပါ အချက်နှစ်ချက်မှာ အထူးသဖြင့် သောက်ရေ အရင်းအမြစ်များအတွက် အခြား နည်းလမ်းများ အနည်းငယ်သာ ရှိသည့် အခြေအနေ များတွင် ရေညစ်ညမ်းစေခြင်းနှင့် နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် အန္တရာယ်များ ပိုများပြားစေသည့် အချက်နှစ်ချက် ဖြစ်ပါသည်။ ဤကာလ နောက်ပိုင်း




**ပုံ ၁၁.** ၂၀၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီးနှင့် အခြား ပြည်နယ်များ/တိုင်းဒေသကြီးများရှိ အိမ်ထောင်စုများ၏ မြေပေါ်ရေ အသုံးပြုမှု(%)

တွင်ကောက်ယူထားသည့် အချက်အလက် မရှိခြင်းက ရေကန်ငယ်များ အသုံးပြုခြင်း နှင့်လေဟာပြင်တွင် မစင်စွန့်ခြင်း တို့၏ အတိုင်း အတာ များ နှင့် စပ်လျဉ်း၍ သတင်း အချက်အလက်များ ပိုမိုရရှိရန် လိုအပ်ကြောင်း မီးမောင်းထိုးပြလျက် ရှိပါသည်။

**မြေပြင်ရေအပေါ် မှီခိုမှု အများဆုံးဖြစ်နေသည့်အပြင် ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင် စာရင်းကောက်ယူမှုအရ ပြည်နယ်များ/ တိုင်းဒေသ ကြီးများ အနက် ရခိုင်ပြည်နယ် နှင့် ရောဝတီ တိုင်းဒေသကြီး တို့သည် ဘေးကင်းစိတ်ချရသည့် သောက်ရေအသုံးပြုမှုတွင် အနိမ့်ဆုံး အဆင့်များရှိနေပါသည် (အိမ်ထောင်စုများ၏ ၁၆% နှင့် ၂၇% အသီးသီး)။** ယင်းမှာ မြို့ပြဒေသများနှင့် ကျေးလက် ဒေသ များ နှစ်မျိုးလုံးပါ အကျုံးဝင် ပါသည်။ ရခိုင်ပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးရှိ ခရိုင်များ အားလုံး တွင် ဘေးကင်းစိတ်ချရ သည့် သောက်ရေ အသုံးပြုမှု အဆင့်မှာ ၃၉% အောက် တွင်ရှိပါသည်။ (ပုံ ၈ တွင် အနီရောင်နှင့် လိမ္မော်ရောင်တို့ ဖြင့် ဖော်ပြထားပါသည်)




**ပုံ ၁၂.** ၂၀၁၄ - ၂၀၁၉ခုနှစ်တွင် တစ်နိုင်ငံလုံး နှင့် ရခိုင်ပြည်နယ် တို့ရှိ အိမ်ထောင်စု များ၏ မြေပေါ်ရေ အသုံးပြုမှု (%)

**ရခိုင်ပြည်နယ်သည် အထူးသဖြင့် ကျေးလက်ဒေသများတွင် ထိခိုက်လွယ်မှု ရှိပြီး ဘေးကင်းစိတ်ချရသည့် သောက်ရေ အရင်း အမြစ် များ အသုံးပြုမှုတွင် အခြားပြည်နယ်များ နှင့် တိုင်းဒေသ ကြီးများနောက်တွင် နောက်ကျ ကျန်ဆဲ ဖြစ်ပါသည်။**[16] ရခိုင်ပြည်နယ်ရှိ မြို့ပြနှင့် ကျေးလက်ဒေသများတွင် အဓိက သောက်ရေ အရင်းအမြစ်အဖြစ် မြေပေါ် ရေ အသုံးပြုသည့် အိမ်ထောင်စု အများဆုံး ရှိပြီး (၂၀၁၉ ခုနှစ် တွင် ၂၄% နှင့် ၅၅% အသီးသီး) ကျေးလက်ဒေသများတွင် ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြု သည့် အိမ်ထောင်စုများ၌ အနိမ့်ဆုံး အဆင့်(၂၀၁၉ ခုနှစ်တွင် အိမ်ထောင်စု များ ၏ ၁၂ %) ရှိပါသည်။ ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသများသည် ပြည်ထောင်စု တစ်ခုလုံး တွင် မြေပေါ်ရေအပေါ်တွင် မှီခိုမှုအများဆုံးဖြစ်ပြီး ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြား တိုးတက်မှုမှာ အနည်းငယ် မျှသာရှိပြီး ကောင်းမွန်ခြင်း ရှိသော ရေအရင်း အမြစ် များ မှသောက်ရေအသုံးပြု သည့် အိမ်ထောင်စု များတွင် အနိမ့်ဆုံး အဆင့် (ပြည်ထောင်စု တစ်ခုလုံး ၏ ၇၈% နှင့် နှိုင်းယှဉ်လျှင် ၄၀% အသုံးပြုနေ ပါသည်) တွင်သာ ရှိပါသည် ။နှိုင်းယှဉ်ကြည့်ပါက ရခိုင်ပြည်နယ်ရှိ မြို့ပြဧရိယာများတွင် မြေပေါ်ရေ အသုံးပြုမှုမှာ မြန်ဆန်သည့်နှုန်း (၂၀၁၄ နှင့် ၂၀၁၉ ကြား ၁၀% လျော့ကျခြင်း) ဖြင့် လျော့ကျလာ ခဲ့ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြား ရခိုင် ပြည်နယ်ရှိ မြို့ပြ ဒေသများ တွင်ရေသန့်ဘူး သောက်သုံးမှုမှာ ၄% မှ ၂၇% အထိ သိသိသာသာ တိုးတက် လာခဲ့ပြီး ရခိုင်ပြည်နယ်ရှိ ကျေးလက် ဒေသများမှာမူ ရေသန့်ဘူး အသုံးပြုမှု (တိုးတက်မှု ၂% ) မှာတိုးတက်မှု အနည်းဆုံး ဖြစ်သည့်ဒေသများတွင် ပါဝင်ပါသည်။ သို့ရာတွင်ရခိုင် ပြည်နယ်တွင် သောက်ရေသောက်သုံးမှုနှင့်ဆက်နွယ်နေသည့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များအား လုပ်ငန်းတွများမှ သုံးသပ်ထားသော ထုတ်ဝေထားသည့် ဆန်းစစ် လေ့လာမှုတို့ မရှိသည့် အပြင် ရခိုင်ပြည်နယ်တွင် သောက်ရေ အသုံးပြု မှုနှင့် ဆက်စပ် လျက် ရှိသည့် ကျန်းမာရေး ဆိုင်ရာ အကျိုး သက်ရောက် မှုများ အား ထပ်မံ ဆန်းစစ် လေ့လာရန် လိုအပ်နေပါသည်။

*[15] ကမ္ဘာ့ဘဏ် (World Bank), မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း ၂၀၁၇- ဆင်းရဲနွမ်းပါးမှုအစီရင်ခံစာ (Washington, DC: World Bank, ဇွန်လ, 2019), https://documents.worldbank.org/curated/en/921021561058201854/pdf/Myanmar-Living-Condition-Survey-2017-Report-3-Poverty-Report.pdf*

*[16] ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု နှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင် စာရင်း ကောက်ယူမှု တို့တွင် ရခိုင် ပြည်နယ် ရှိ နေထိုင်သူများ အားလုံး ပါဝင်ခဲ့ခြင်းမရှိပါ။ သို့ဖြင့် ဖော်ပြထားသည့် စာရင်းအင်း/ကိန်းဂဏန်းများသည် ဤစစ်တမ်းများတွင် စာရင်း ကောက်ယူခဲ့သူများကိုသာ ရည်ညွှန်းပါသည်။*

**ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မကြာခဏ သဘာဝဘေးအန္တရာယ်များပိုမို ကျရောက်ခြင်းကြောင့်  သောက်ရေများ ညစ်ညမ်းမှု ဖြစ်စေသဖြင့် အားနည်းထိခိုက်လွယ်မှုများ  ရှိနေဆဲ ဖြစ်ပါသည်။** ရာသီဥတုပြောင်းလဲမှုသည် ပြည်သူလူထုအနေဖြင့် ဆိုင်ကလုန်းများနှင့် မုန်တိုင်းများကဲ့သို့ ရာသီဥတုနှင့် ဆက်နွယ်နေသည့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်ချေ ပိုမိုများပြားပြီး တိုတောင်းသည့် မိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးခြင်းများ ပိုမိုဖြစ်ပွားရခြင်းဆီသို့ ဦးတည်နိုင်ကာ မြေပေါ်ရေညစ်ညမ်းသည့် အန္တရာယ်တိုးပွားလာမည် ဖြစ်ပါသည်။  ရာသီဥတုပြောင်းလဲခြင်းနှင့်အပူချိန်မြင့်မားခြင်းတို့သည်လည်း ရေရှားပါးမှုကို ပိုမို ဆိုးရွားစေပါသည်။ အချိန်ကာလပိုမိုကြာမြင့်ပြီး ပိုမိုပူပြင်းသည့် ရာသီများတွင် ရေကန်များမှ ရေများ အငွေ့ပြန်သဖြင့်လည်း ရေရှားပါးမှုကို ပိုမိုဆိုးရွားစေပါသည်။   အရည်အသွေးနိမ့် အခြေခံအဆောက်အဦနှင့် အစဉ်အလာရ ကမ်းရိုးတန်း များတွင် တည်ငြိမ်စေရန် ထိန်းသိမ်း ပေးသည့် လမုတောများ တောပြုန်းလုနီး ဖြစ်ပေါ်နေသဖြင့် (၁၉၉၆ မှ၂၀၁၆ ထိ နှစ်ပေါင်း ၂၀ ကာလအတွင်းပြည်ထောင်စုတစ်ခုလုံး ၏ လမုပင် အသားတင်ပေါက်ရောက်မှု၏ ၅၂% ဆုံးရှုံးပြီး)  ဆိုင်ကလုန်းနှင့် မုန်တိုင်းများကြောင့် လတ်တလော အသက်စည်းစိမ် ဆုံးရှုံးမှုများပိုမိုများပြားခြင်းသာမက ပြည်သူများ အနေဖြင့် ဘေးကင်းစိတ်ချရသည့် သောက်ရေလက်လှမ်းမီရရှိမှုအပေါ် ရေရှည် သက်ရောက်မှုများဖြင့်ထပ်မံဖိစီးစေမည်ဟု အဓိပ္ပါယ်ရပါသည်။[17] ဤ အခြေအနေများ၌ မြေပေါ်ရေအပေါ် မှီခိုအားထားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြားအန္တရာယ်များအပြင်  ရေကြီးရေလျှံ ဖြစ်ခြင်းနှင့် မုန်တိုင်းဒဏ်ခံရသည့်ဖြစ်ရပ်များတွင် အဆိုပါ  ရေ အရင်းအမြစ်များသည် ဆားငန်ရေ ဝင်ရောက်လာမှုကြောင့် မကြာခဏဆိုသလို ပျက်စီးကြရပါသည်။




*ပုံ ၁၃. ၂၀၁၄ ခုနှစ်တွင် အနိမ့်ပိုင်း ဒေသများ တွင် မြေပေါ်ရေ အသုံးပြုလျက် ရှိသည့် အိမ်ထောင်စုများ (%)*

**ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ မြေပေါ်ရေ အပေါ် မှီခို အားထားမှုတွင်ဆားငန်ရေ ဝင်ရောက်ခြင်းနှင့် ရေငွေ့ပြန်ခြင်းတို့ကြောင့် အိမ်ထောင်စုများ ရေရရှိမှု လျော့ နည်းစေ ပါသည်။** အရှေ့တောင်အာရှရှိ မြေအနိမ့်ဆုံးပိုင်း ကမ်းရိုးတန်းဒေသအချို့တွင် နေရာဒေသအများစုမှာ ရာသီဥတု ပြောင်းလဲခြင်းကြောင့် ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာသဖြင့် ရေတွင်းများနှင့် စိမ့်စမ်းများကဲ့သို့ ပိုနက်ရှိုင်းသည့် မြေအောက်ရှိသည့် အရင်း အမြစ်များထဲသို့ ဆားငန်ရေ ဝင်ရောက်ခြင်း ကိုခံစားရနိုင်ချေများနေသောနေရာ များဖြစ်ပါသည်။ မြေအောက် ရှိသည့် အရင်း အမြစ်များအတွင်းတွင် ရေချိုသည် ရေငန်ထက် ပိုမိုပေါ့ပါးပြီး ရေငန်အလွှာ၏ထိပ်တွင် မျောပါလျက်ရှိပါသည်။ အကျိုးဆက် အားဖြင့် ပင်လယ်ရေမြင့်တက်လာသည်နှင့်အမျှ  ထိုအရင်းအမြစ်များမှ ပိုမို နက်ရှိုင်းသောရေကို ရယူခြင်းမှာ  ဆားငန်ရေ ရရှိနိုင်မှု မြင့်မားသောကြောင့် ခက်ခဲပြီး အခြား နေရာများထက် ပိုမိုကျယ်ပြီး အနက်တိမ်သည့် ရေကန်ငယ်များ ပေါ်တွင် မှီခိုရခြင်းသို့ ဦးတည်စေပါသည်။  အဆိုပါ ရေကန်ကျယ်များသည် ရေငွေ့ပြန်ခြင်း ဖြစ်နိုင်ချေ ပိုများသည့် အပြင်ရေရရှိနိုင်မှုကို အကန့် အသတ်ဖြစ်စေပြီး မြေနှင့် ရေ အရင်းအမြစ်များ နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် တင်းမာမှုများကို ပိုမိုနက်ရှိုင်းစေပါ သည်။

**အဆိုပါ ပတ်ဝန်းကျင်များတွင် ဘေးကင်းစိတ်ချရသည့် သောက်ရေ လက်လှမ်းမီရရှိစေမည့် ရေရှည်တည်တံ့နိုင်မည့် ဖြေရှင်းနည်းလမ်းများ အမှန်တကယ် ရှိပါသည်သို့သော်လည်း ယင်းနည်းလမ်းများမှာ အကောင်အထည်ဖော် ရန်နှင့် ထိန်းသိမ်းရန် မရှိမဖြစ် လိုအပ်သော်လည်း ကုန်ကျစရိတ် ကြီးမားသဖြင့် ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်နိုင်ချေကို ကန့်သတ်ထားပါသည်။** ဖြေရှင်းနည်းလမ်း ဥပမာများတွင် ရေလှောင်တမံ များမှ   ရေပိုက်ဖြင့်သွယ်ယူသည့်စနစ်၊ ဒေသထွက်ရွှံ့များ၊ ကျောက်ခဲ များနှင့် ကာရံထားသည့် ရေကန်ငယ်များ၊  ကာရန်ဖုံးအုပ်ထားသည့်ရေကန်ငယ်များ၊ ရေကန်များမှ ရေစင်များသို့ ရေသွယ် ခြင်း၊နေရောင်ခြည်စွမ်းအင်သုံးရေစုပ်စက်များ နှင့် ရေပေးဝေရေး စနစ်များ၊  နက်ရှိုင်းသည့်နေရာများမှသန့် ရှင်းသည့် ရေအောင်းလွှာအား ရှာဖွေရန်အတွက် ပြုလုပ်သည့် ဇလဘူမိဗေဒစစ်ဆေးမှု အကူအညီဖြင့်တူးထားသည့် အဝီစိတွင်းများ၊  မြေအောက်ရေဖြည့်တင်းမှု စီမံခန့်ခွဲခြင်းနှင့် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ဆားငန်ရေကို ရေချိုဖြစ်အောင် ပြုလုပ်သည့်နည်းစနစ်တို့ ပါဝင်ပါသည်။ အဆိုပါဖြေရှင်းနည်းလမ်းများမှာ ဒေသခံရပ်ရွာလူထုအနေဖြင့် ငွေကြေးအရ တတ်နိုင်ရန် ခက်ခဲနိုင်ချေ ရှိပြီး သဘာဝဘေးအန္တရာယ်များနှင့် ပဋိပက္ခများကြောင့် အဆိုပါ စိန်ခေါ်မှုများကို ထပ်ဆင့်တိုးမြှင့်စေပါသည်။ အပြောင်းအလဲလုပ်ရန် ကုန်ကျစရိတ်များနိုင်သလို လိုအပ်ချက်များမှာလည်းကြီးမားပါသည်။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ပြည်သူလူထုအများအပြားအတွက် ရာသီဥတုပြောင်းလဲမှုသည် သောက်ရေအတွက် မြေပေါ်ရေအရင်းအမြစ်များပေါ်တွင် မှီခိုအားထားနေရသည့် အန္တရာယ်များကို တိုးပွားစေပြီး - ကျန်းမာရေးကို ထိခိုက်စေကာလူအများအား ဘေးကင်း စိတ်ချရသည့် သောက်ရေ ရနိုင်မည့်နေရာများသို့ ရွှေ့ပြောင်းနေထိုင်ရန် တွန်းအားပေး လမ်းညွှန်စေခြင်းမျိုး ဖြစ်စေမည့် အလားအလာ ရှိပါသည်။

## အာဆင်းနစ်အဆိပ်ကြောင့် ညစ်ညမ်းမှု၏ အန္တရာယ်များ

**မြေပေါ်ရေ အပေါ် မှီခိုအားထားနေမှု ကျဆင်းလျက် ရှိသော်လည်း အာဆင်းနစ် ကြောင့်ညစ်ညမ်းနေမှုသည် မြန်မာနိုင်ငံ ရှိ အချို့ဒေသများရှိ သောက်ရေ အရင်းအမြစ်များအတွက်ခြိမ်းခြောက်မှု တစ်ရပ် ဖြစ်ပါသည်။**  သဘာဝအလျောက် ဖြစ်သည့် ဘူမိဗေဒဓာတ်ပစ္စည်းဖြစ်သည့် အာဆင်းနစ် သည် သောက်ရေ အရင်းအမြစ်များထဲသို့ စိမ့်ဝင်သွားပါက လူသားတို့ကျန်းမာရေးအတွက် အန္တရာယ် ဖြစ်စေပြီး၊ ပါဝင်မှု မြင့်မားသည့် အာဆင်းနစ် နှင့် ကာလရှည်ကြာ ထိတွေ့မှု များခြင်းသည်  အထူးသဖြင့် ကလေးများတွင် နှလုံး သွေးကြောနှင့် ဆိုင်သည့် ရောဂါများ၊ ဆီးချို၊ ကင်ဆာ နှင့် အာရုံကြောဆိုင်ရာ ပြဿနာများ နှင့် ဆက်စပ်နေပါသည်။[18] မြန်မာနိုင်ငံမှ ခန့်မှန်းချေ လူဦးရေ ၃.၄ သန်းအပါအဝင် အရှေ့တောင် အာရှဒေသမှ  လူသန်းရာ ပေါင်းများစွာတို့သည် ၎င်းတို့ သောက်သုံး နေသည့် ရေများတွင် အကြံပြု ထားသည့် (ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ လမ်းညွှန်ချက် အရ ၁၀ µg/တစ်လီတာ) ပါဝင်မှုအဆင့်ထက် မြင့်မားသည့်  အာဆင်းနစ်ဓာတ်များအား သောက်သုံး နေကြပါသည်။[19] ဒေသအများအပြားတွင် ထိခိုက်မှုများ ရှိသော်လည်း ထိခိုက်နိုင်ချေအန္တရာယ်များသည့် ပြည်သူလူထုများမှာ  သဘာဝအလျောက် ဖြစ်ပေါ်သည့် အာဆင်းနစ် ပါဝင်မှု မြင့်မားသည့် နေရာများရှိ အဝီစိတွင်းများကဲ့သို့သော မြေအောက်ရေ အရင်းအမြစ်များမှ ထုတ်ယူသည့် သောက်ရေများပေါ်တွင်မှီခိုနေသူများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံ ရှိ အာဆင်းနစ် ပါဝင်မှု အန္တရာယ် မြင့်မားသည့်အထူးသဖြင့် အပူပိုင်းဇုန်မှ ဧရာဝတီ မြစ်ဝ ကျွန်းပေါ် ဒေသများအထိနှင့် ရခိုင်ပြည်နယ်ရှိအချို့ဒေသ




*ပုံ ၁၄.   ၂၀၀၇ နှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လမ်းညွှန်ထက် ကျော်လွန်သည့် မြေအောက်ရေမှ အာဆင်းနစ်ဓာတ် သောက်သုံးနိုင်ချေ အန္တရာယ်ရှိသည်ဟု ခန့်မှန်းသည့် လူဦးရေ*[20]

[17] *Jose Don T De Alban et al, 2020 Environ. Res. Lett. 15, 034034.*
[18] *ကမ္ဘာ့ကျန်းမာရေး အဖွဲ့(WHO)၊ အာဆင်းနစ် ဆိုင်ရာ အကြောင်း အချက်အလက် များ (၂၀၁၈), ၂၀၂၀ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရယူဖတ်ရှုခဲ့သည်။ https://www.who.int/news-room/fact-sheets/detail/arsenic*
[19] *Jagdeesh S. Uppal, Qi Zheng, X. Chris Le- သဘာဝ သောက်ရေတွင် ပါဝင်သည့် အာဆင်းနစ် ဓာတ် - အရှေ့တောင်အာရှမှ မကြာသေးမီက ရရှိခဲ့သည့် နမူနာများနှင့် နောက်ဆုံးရ အချက်အလက်များ၊ ပတ်ဝန်းကျင် ဆိုင်ရာ သိပ္ပံနှင့် ကျန်းမာရေးဆိုင်ရာ   လက်ရှိ ထင်မြင်ယူဆချက်များ၊ အတွဲ ၇၊၂၀၁၉ https://www.sciencedirect.com/science/article/abs/pii/S2468584418300655*
[20] *မြေအောက်ရေ အကဲဖြတ် ဆန်းစစ်မှု ရပ်ဝန်း၊ UNICEF အာဆင်းနစ် အဆိပ်သင့်နိုင်ချေ ရှိသည့် ပြည်သူများ၊၂၀၂၀ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် နေ့တွင် ရယူ ဖတ်ရှုသည်။ https://www.gapmaps.org/Home/Public.*

များ ရှိ မြေအောက် ရေအရင်းအမြစ်များ မှ သောက်ရေများတွင် မီးခိုးအားထားနေရသည့် ပြည်သူများကို ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ အာဆင်းနစ်အန္တရာယ် ရှိသည့် ပြည်သူလူထုများ နေရာပြ မြေပုံ တွင် မြင်တွေ့နိုင်ပါသည်။ ယနေ့အချိန်ထိမြန်မာနိုင်ငံ၏ ရေပေးဝေမှုများတွင် အာဆင်းနစ်ကဲ့သို့ ညစ်ညမ်းမှု ဖြစ်စေသည့် သိပ်သည်းဆများသော ဓာတ်သတ္တုများအတွက် ကျယ်ကျယ် ပြန့်ပြန့် စစ်ဆေး စမ်းသပ်မှု မရှိသေးဘဲ ဒေသအလိုက် အနည်းငယ်သော လေ့လာမှုများထံမှသာ သတင်းအချက်အလက် ရရှိနိုင်ပါသည်။

**အာဆင်းနစ် အဆိပ်သင့်သဖြင့် အရေပြားပေါ်တွင် အဖြူကွက်များ ဖြစ်လာခြင်းမှာ ထိခိုက်မှု ရှိသည့် ဒေသများမှ ကျေးရွာသူ ကျေးရွာသား များသည် အာဆင်းနစ် အဆိပ်ဓာတ် ပါဝင်မှု နည်းသည့် နေရာများနှင့် မလှမ်းမကမ်းတွင် ရှိနေသည် ဆိုသည့် အဓိပ္ပါယ် ဖြစ်ပါသည်။** ယင်းအချက်မှာ ဒေသန္တရအဆင့်တွင် မြေအောက်ရေ အရင်းအမြစ်များတွင် အာဆင်းနစ်ဓာတ် ပါဝင်မှု တိုင်းတာ စစ်ဆေးခြင်း၏ အရေးပါ မှုကို ထပ်လောင်း အတည်ပြုပေးပါသည်။ သို့သော်လည်း ဇလဗေဒဆိုင်ရာ အပြောင်းအလဲများကြောင့် ဒြပ်ပါဝင်မှုနည်းသည့် မြေအောက်ရေ အောင်းလွှာများတွင် အာဆင်းနစ် ပါဝင်မှုအဆင့် မြင့်မားနိုင်ချေ ရှိနေဆဲ ဖြစ်ပါသည်။ ဤပြဿနာကို ဖြေရှင်းရန် အာဆင်းနစ် ပါဝင်မှုနှုန်း နည်းသည့် ဇုန်များတွင် ဘူမိဗေဒဆိုင်ရာ အချက်အလက်များနှင့်အတူ ရပ်ရွာလူထု အသုံးပြုမည့် ရေတွင်းများ တပ်ဆင်ရန်အတွက် ဦးတည် ရည်ရွယ် ထားသော သင့်တော်သည့် စစ်ဆေးရေး ကရိယာများ အသုံးပြု၍ ရေတွင်းများကို စမ်းသပ် စစ်ဆေးခြင်းနှင့် စောင့်ကြည့် စစ်ဆေး ခြင်းတို့ကို အားဖြည့် ပြုလုပ်ရန် လိုအပ်ပါသည်။ ယင်းရေတွင်းများအားအနက် တိမ်သည့် မြေအောက်ရေအောင်းလွှာ များမှ အာဆင်းနစ်ဓာတ် ပါဝင်သည့် ရေများ ထုတ်ယူနိုင်သည့် ကျေးလက် ရေပေးဝေရေး ပိုက်လိုင်းစနစ်များတွင် ရေစုပ်စက်များနှင့်အတူ ထိန်းသိမ်း စောင့်ရှောက်ရန် လည်း လိုအပ်ပါသည်။ နက်ရှိုင်းသည့် မြေအောက်ရေအောင်းလွှာများကိုမူ ဆည်မြောင်း ရေသွင်းရန် အသုံးပြုခြင်း ထက် သောက်ရေအတွက် ကာကွယ် စောင့်ရှောက်ထားသင့်ပါသည်။

## သုံးသပ်ချက်

**ပြီးခဲ့သည့် ငါးနှစ်အတွင်း မြန်မာနိုင်ငံရှိ အိမ်ထောင်စုများသည် ညစ်ညမ်းနိုင်ချေ အန္တရာယ်မြင့်မားသည့် မြေပေါ်ရေကဲ့သို့ ကာကွယ် စောင့်ရှောက်ထားခြင်း မရှိသည့် ရေများအား အသုံးပြုခြင်း မှ ပိုက်ဖြင့်သွယ်တန်းသည့် ရေ နှင့် ဘူးဖြင့် ထည့်ထားသည့် ရေ ကဲ့သို့ ကောင်းမွန်ခြင်း ရှိသည့် ရေပေးဝေမှုများ သို့ ပြောင်းလဲအသုံးပြုခဲ့ခြင်း အား မြင်တွေ့ခဲ့ပြီး ဖြစ်ပါသည်။** ၂၀၁၉ ခုနှစ် တွင် ပိုက်ဖြင့် သွယ်ယူသည့်ရေ နှင့် ရေသန့်ဘူး ကို အဓိက သောက်ရေ အရင်းအမြစ်အဖြစ် အသုံးပြုသည့် ၃၉% အပါအဝင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၈၂% မှာ ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ် မှ ရေ ကို အသုံးပြု လျက်ရှိပါသည်။ သို့သော်လည်း ယင်းမှ ဘေးကင်း စိတ်ချရသည့် သောက်ရေ လက်လှမ်းမီရယူနိုင်မှုမှာ ပိုမိုကောင်းမွန်လာခြင်း ရှိမရှိ ဆိုသည်အား ရှင်းရှင်းလင်းလင်း သိရှိနိုင်ခြင်း မရှိသေးဘဲ ဖြစ်နေဦးမည် ဖြစ်ပါသည်။

**၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင် စာရင်း ကောက်ယူခြင်း မှ တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၄၁% မှာ ဘေးကင်းစိတ်ချရသည့် သောက်ရေ အသုံးပြုနေပြီး တစ်ကမ္ဘာလုံး အသုံးပြုမှု (လူဦးရေ၏ ၇၁%) ထက် နည်းနေကြောင်း ဖော်ပြခဲ့ပါသည်။** မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် ဘေးကင်းစိတ်ချရသည့် သောက်ရေ လက်လှမ်းမီနိုင်မှုကို အတိုင်းအတာတစ်ခုအထိ တိုင်းတာခဲ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတို့တွင် ပါဝင်သည့် အညွှန်း ကိန်းများနှင့် ချိန်ညှိထားပါသည်- ဤ ရလဒ်များမှ အစိုးရနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များကို ပိုမို ရှင်းလင်းတိကျသည့် ဦးတည် ရည်ရွယ်ထားသည့် ကူညီပံ့ပိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်စေမည် ဖြစ်ပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများ နှင့် မတူညီသည့် လူအုပ်စု အမျိုးမျိုးတို့ အပါအဝင် အိမ်ထောင်စုများမှ အသုံးပြုသည့် မတူညီသည့် သောက်ရေ အရင်းအမြစ်များ အပေါ် သက်ရောက်မှုများအား မသိမသာ ကွဲပြားပြီး ကျားမ အခြေခံ နားလည်သဘောပေါက်မှု ပိုမို ရရှိစေရန် အတွက် သတင်း အချက်အလက်များ ထပ်မံ၍ လိုအပ်မည် ဖြစ်ပါသည်။

**MIMU ၏ ဤ ဆန်းစစ်လေ့လာမှု အကျဉ်း တွင် မီးမောင်း ထိုးပြထားသကဲ့သို့ မြန်မာနိုင်ငံ ရှိ ပြည်သူလူထုအားလုံးအတွက် ဘေးကင်း စိတ်ချရသည့် သောက်ရေ ရရှိနိုင်ရေးအတွက် သောက်ရေ အရင်းအမြစ် အမျိုးမျိုး ကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း စဉ်းစားခြင်း အား ဦးတည်ရည်ရွယ်၍ ဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းတစ်ခု လိုအပ်မည် ဖြစ်ပါသည်။** လက်ရှိတွင် သောက်ရေအတွက် နည်းလမ်း များ အလျင်အမြန် ပိုမိုကောင်းမွန်စေရန်အတွက် အထူးသဖြင့် အားနည်ထိခိုက်လွယ် ပြီး ကူညီ ပံ့ပိုးမှုများ လိုအပ်သော နေရာအချို့ ကျန်ရှိနေ ပါသေးသည် - အထင်ရှားဆုံးမှာ မြေပေါ်ရေ ကို အလွန်အမင်း မှီခိုနေသည့်၊ ဘေးကင်း စိတ်ချရသည့် သောက်ရေများ အသုံးပြုမှု အနည်းဆုံး နှင့် အထူးသဖြင့် ရာသီဥတု ပြောင်းလဲမှု ၏ အကျိုးသက်ရောက်မှု များ ကြုံတွေ့ရသည့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့ ဖြစ်ပါသည်။ ရေရှည် ဖြေရှင်းနည်းလမ်းများမှာ ရပ်ရွာလူထု အများအပြား ၏ ငွေကြေးအရ လက်လှမ်းမီနိုင်မှုထက် ကျော်လွန်နေသဖြင့် မြန်မာနိုင်ငံအစိုးရ၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့စည်းများနှင့် ဘဏ္ဍာရေးအဖွဲ့စည်းများထံမှ များပြားပြီး စဉ်ဆက်မပြတ် ဖြစ်သည့် ငွေကြေးဆိုင်ရာ ကူညီပံ့ပိုးမှုများနှင့် ကုန်ကျစရိတ်နည်းသော ဖြေရှင်းနည်းလမ်းများ လိုအပ်မည် ဖြစ်ပါသည်။၂၀၁၉ ကြားဖြတ် သန်းခေါင်စာရင်း ကောက်ယူမှုမှ နိုင်ငံအနှံ့အပြား ဘေးကင်းစိတ်ချရသည့် သောက်ရေ ဆိုင်ရာ အရေးကြီးသည့် အချက်အလက်များကို ကောက်ယူစုဆောင်းခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ အချို့နေရာများတွင် အိမ်ထောင်စုများ၏ သောက်ရေများတွင် အာဆင်းနစ် ဓာတ် ကဲ့သို့သော ညစ်ညမ်းမှုကို ဖြစ်စေသည့် သိပ်သည်းဆများသည့် ဓာတ်သတ္တုများ ပါဝင်မှု အပါအဝင် ညစ်ညမ်းမှုဖြစ်စေခြင်းကဲ့သို့သော မသိနိုင်သေးသည့် အကြောင်းအရာ အများ အပြား ရှိနေပါသေးသည်။

ဤဆန်းစစ်လေ့လာမှုအကျဉ်းကို ပြင်ဆင်ရာတွင် အသုံးပြုသော အချက်အလက်များ၊ နည်းစနစ်များအပြင် သတင်းအချက်အလက်နှင့် ဆန်းစစ်လေ့လာမှု (ဒေတာအစုများ၊ အင်ဖိုဂရပ်ဖစ်များနှင့် ဒတ်ရှ်ဘုတ်) ကို ထောက်ပံ့ပေးရန် အခြားဆက်စပ်သော ထုတ်ကုန်များဆိုင်ရာ နောက်ထပ် သတင်း အချက်အလက်များအတွက် https://themimu.info/mimu-analysis ကို ကျေးဇူးပြုပြီး ကြည့်ပါ။

MIMU

ဤထုတ်ကုန်သည် လက်ရှိ ရရှိနိုင်သည့် သတင်းအချက်အလက်အပေါ် အခြေခံပြီး အကိုးအကားဖြစ်စေရန် ရည်ရွယ်သည်။ MIMU ထုတ်ကုန်များတွင် ဖော်ပြထားသော နယ်နိမိတ်များ၊ အမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမဂ္ဂမှ ဝေါဟာရများ၏ ထင်မြင်ယူဆချက် သို့မဟုတ် အတည်ပြုချက်ကို မဆိုလိုပါ။

MIMU ထုတ်ကုန်များသည် ရောင်းရန်မဟုတ်ဘဲ မူပိုင်ခွင့်နှင့်အညီ အခမဲ့ အသုံးပြုနိုင်သည်။ နောက်ဆုံးသတင်းအချက်အလက်များကို info.mimu@undp.org သို့ ပို့ပေးရန် မေတ္တာရပ်ခံအပ်ပါသည်။
မူပိုင်ခွင့် © မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် ၂၀၂၁။